**KEY STATEMENTS FOR THE 2021 MEMORIAL DAY CONFERENCE**

**ကျွန်ုပ်တို့သည် သမ္မာတရားကို သိ၍၊ သမ္မာတရားအတွက်၊<br>သမ္မာတရား၏ အကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲရန်အတွက်၊<br>မျက်မှောက်ဆိုးညစ်သောခေတ်၌ သမ္မာတရားကို သက်သေခံရန်အတွက်<br>အကြွင်းမဲ့ဖြစ်ရမည်ဖြစ်သည်။**

**သမ္မာတရား၏ဝိညာဉ်တော်၊ စစ်မှန်ခြင်း၏ဝိညာဉ်တော်သည်<br>သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားကာ၊ ပါရှိနေသော ဝိညာဉ်ရေးရာအကြောင်းရင်းမှန်များအပေါ်<br>ထွန်းလင်းသောအခါ ကျွန်ုပ်တို့သည် သမ္မာတရား၊ စစ်မှန်ခြင်းကို လက်ခံရရှိကြသည်။<br>နံနက်ခင်းတိုင်း၌ ကျွန်ုပ်တို့သည် ရေးသားထားသောနှုတ်ကပတ်တော်၌<br>အသက်ရှင်သောနှုတ်ကပတ်တော်ကို ထိတွေ့နိုင်ပြီး၊<br>ဘုရားဆိုင်ရာစစ်မှန်ခြင်းဖြစ်သည့် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည်<br>ယူဆောင်ခံရသောနှုတ်ကပတ်တော်အဖြစ် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဖြည့်သွင်းပေးခြင်း ရှိလေသည်။**

**ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက်<br>ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ကာ၊<br>ဘုရားဆိုင်ရာသမ္မာတရား၏ လမ်းအတွက်၊ ဘုရားဆိုင်ရာသမ္မာတရားတိုးပွားနှံ့ပြားခြင်းအတွက်<br>အကြွင်းမဲ့ဖြစ်ရမည်ဖြစ်သည်။**

**သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် သမ္မာတရား၏အလင်းကို ပြန်လည်ရယူခြင်းဖြစ်ပြီး၊<br>ယနေ့ မြေကြီးပေါ်တွင် အရေးတကြီးလိုအပ်ချက်မှာ ဤခေတ်၏ သမ္မာတရားဖြစ်သည်။<br>အသင်းတော်၏ တိုးပွားခြင်းသည် သမ္မာတရား၏ပျံ့နှံ့ခြင်းအပေါ် မူတည်သည်၊<br>သို့ဖြစ်၍ ကျွန်ုပ်တို့အားလုံးသည် အသင်းတော်၏ တိုးပွားများပြားခြင်းနှင့် ပျံ့နှံ့ခြင်းအတွက်<br>သမ္မာတရားကို သင်ယူရန်နှင့် အခြားသူများထံ ခရစ်တော်ကို အမှုဆောင်ရန် အချိန်ယူခြင်း ရှိရမည်ဖြစ်သည်။**

*© 2021 Living Stream Ministry*

**GENERAL SUBJECT:**

## သမ္မာတရားကို သိခြင်း၊ သမ္မာတရားအတွက် အကြွင်းမဲ့ဖြစ်ခြင်းနှင့် မျက်မှောက်ဆိုးညစ်သောခေတ်၌ သမ္မာတရားကို ကြွေးကြော်ခြင်း

Message One

## သမ္မာတရားကို သိခြင်း၊ သမ္မာတရားအတွက်သော်လည်းကောင်း၊ သမ္မာတရား၏အကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားခြင်းအတွက်သော်လည်းကောင်း အကြွင်းမဲ့ဖြစ်ခြင်းနှင့် လောက၏မျက်မှောက်ခေတ်တွင် သမ္မာတရားကို သက်သေခံခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁၈း၃၇ခ။ ၈၊၂း၂။ ရော၊၁၂း၂။ ၁ယော၊၅း၁၉ခ-၂၀

I. **သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် ဘုရားဆိုင်ရာသမ္မာတရားများကို ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့်အတိုင်း ပြန်လည်ရယူခြင်းဖြစ်သည် - ၂တိ၊၃း၁၆။**

   A. သမ္မာတရားသည် သုံးပါးတစ်ပါးဘုရားနှင့်အတူ ကိုယ်တော်၏ နှုတ်ကပတ်တော်ဖြစ်သည် - ယော၊၁း၁၊ ၁၄-၁၇။ ၁၄း၆၊ ၁၆-၁၇။ ၁၅း၂၆။ ၁၆း၁၃။ ၁၇း၁၇။ ၁၈း၃၇ခ။

   B. နှုတ်ကပတ်တော်ထဲမှ များစွာသော သမ္မာတရားများသည် ပျောက်ဆုံးခြင်း၊ နားလည်လွဲမှားခြင်း၊ မှားယွင်းစွာ ယူဆောင် ခြင်း ရှိခဲ့လေသည်။ ထို့ကြောင့် သခင်ဘုရား၏ပြန်လည်ရယူခြင်းကို လိုအပ်နေရခြင်းဖြစ်သည် - ၂တိ၊၂း၁၅။

   C. ပြန်လည်ရယူခြင်း၌ အမြင့်ဆုံးသောသမ္မာတရား - လွန်ခဲ့သော ရာစုနှစ်များအတွင်း ပြန်လည်ရယူခဲ့သော သမ္မာတရား များ၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော သမ္မာတရား - ရှိသည် - အငယ်၊၂၊ ၁၅။

II. **ယောဟန်၏ ပေးစာရေးသားချက်များ၌ *သမ္မာတရား* အတွက် ဂရိစကားလုံး အာလေသီယာ (aletheia) မှာ ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ ပါဝင်သောအရာအဖြစ် ဘုရားဆိုင်ရာ စီမံကိန်း၏ စစ်မှန်ခြင်းအားလုံးကို ရည်ညွှန်းပြီး၊ ယင်းကို သန့်ရှင်းသော နှုတ်ကပတ်တော်အားဖြင့် သယ်ဆောင်ကာ၊ ထုတ်ဖော်ဖွင့်ပြခြင်း ဖြစ်သည် - ယော၊၁၇း၁၇။ ၁၈း၃၇ခ။**

   A. သမ္မာတရားသည် ဘုရားသခင်ဖြစ်ပြီး၊ အလင်းနှင့် ချစ်ခြင်းမေတ္တာအဖြစ် လူ့ဇာတိခံကာ ကျွန်ုပ်တို့၏ပိုင်ဆိုင်ရာ အတွက် ဘုရားဆိုင်ရာအရာများ၏ စစ်မှန်ခြင်း ဖြစ်လာခြင်းဖြစ်သည် - ၁း၁၊ ၄၊ ၁၄-၁၇။

   B. သမ္မာတရားသည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည် လူ့ဇာတိခံသော ဘုရားသခင်နှင့် ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအားလုံး ကိုယ်ထင်ရှားကိန်းဝပ်ခြင်းရှိသည့် အရှင်ဖြစ်ကာ၊ ဘုရားနှင့် လူ၏ စစ်မှန်ခြင်း၊ ဓမ္မဟောင်း ကျမ်းရှိ ပုံဆောင်ချက်များ၊ ပုံစံများနှင့် အရိပ်များအားလုံး၏ စစ်မှန်ခြင်းနှင့် ဘုရားဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာအရာများ အားလုံး၏ စစ်မှန်ခြင်းဖြစ်သည် - ကော၊၂း၉၊ ၁၆-၁၇။ ယော၊၄း၂၃-၂၄။

   C. သမ္မာတရားသည် ဝိညာဉ်တော်ဖြစ်ကာ၊ ကိုယ်တော်သည် ခရစ်တော် အဆင်းသဏ္ဌာန်ပြောင်းလဲခြင်း ဖြစ်ပြီး၊ ခရစ်တော် ၏ စစ်မှန်ခြင်းနှင့် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ စစ်မှန်ခြင်းဖြစ်သည် - ၁၄း၁၆-၁၇။ ၁၅း၂၆။ ၁၆း၁၃-၁၅။

   D. သမ္မာတရားသည် ဘုရားဆိုင်ရာဖွင့်ပြခြင်းဖြစ်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပြီး၊ ယင်းသည် ဘုရားသခင် နှင့် ခရစ်တော်၏ စစ်မှန်ခြင်း၊ ဘုရားဆိုင်ရာနှင့် ဝိညာဉ်ရေးရာအရာများ အားလုံး၏ စစ်မှန်ခြင်းကို ဖွင့်ပြကာ သယ် ဆောင်ပေးနေသည် - ၁၇း၁၇။

E. သမ္မာတရားသည် ယုံကြည်ခြင်း (လက်ခံယုံကြည်ချက်)၏ ပါဝင်သောအရာများဖြစ်ပြီး၊ ယင်းတို့မှာ ပြည့်စုံသော ဧဝံဂေလိတရား၏ စစ်မှန်ခြင်းအဖြစ် ကျွန်ုပ်တို့လက်ခံယုံကြည်သည့်အရာ၏ အနှစ်သာရဆိုင်ရာ ဒြပ်သဘာဝများဖြစ် သည် - ဧ၊၁း၁၃။

F. သမ္မာတရားသည် ဘုရားသခင်၊ စကြဝဠာ၊ လူ၊ လူက ဘုရားသခင်နှင့်လည်းကောင်း လူအချင်းချင်းနှင့်လည်းကောင်း ဆက်နွယ်မှုနှင့် ဘုရားသခင်ထံသို့ လူ၏ တာဝန်ရှိမှုတို့နှင့် စပ်လျဉ်းသည့် စစ်မှန်ခြင်းဖြစ်ကာ၊ ၎င်းကို ဖန်ဆင်းခြင်းနှင့် ကျမ်းစာမှတစ်ဆင့် ဖွင့်ပြထားသည် - ရော၊၁း၁၈-၂၀။ ၂း၂၊ ၈၊ ၂၀။

G. သမ္မာတရားသည် အစစ်အမှန်ဖြစ်ခြင်း၊ ဟုတ်မှန်ခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မှန်ခြင်း၊ ယုံကြည်အားကိုးထိုက်ခြင်း၊ သစ္စာရှိခြင်းဖြစ်ကာ၊ ဘုရားဆိုင်ရာ ကောင်းမြတ်ခြင်းအဖြစ် ဘုရားသခင်၏အရာနှင့် လူသားကောင်းမြတ်ခြင်းအဖြစ် လူ၏ အရာဖြစ်၍၊ ဘုရားဆိုင်ရာစစ်မှန်ခြင်း၏ ရလဒ်ဖြစ်သည် - ၃း၇။ ၁၅း၈။ ၂ကော၊၁၁း၁၀။ ၁ယော၊ ၃း၁၈။

H. သမ္မာတရားသည် မှန်သော၊ အစစ်ဖြစ်သောအရာများ၊ အကြောင်းကိစ္စများ (အကြောင်းရင်းမှန်များ) ၏ မှန်သော အစစ်ဖြစ်သော အခြေအနေ၊ စစ်မှန်ခြင်း၊ မှန်ကန်ခြင်းကို ရည်ညွှန်းပြီး၊ မုသား၊ ပရိယာယ်၊ စိတ်ရင်းကိုဖုံးကွယ်မှု၊ သူတော် ကောင်း ဟန်ဆောင်ခြင်းနှင့် အမှားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည် - မာ၊၁၂း၃၂။ ယော၊၁၆း၇။ ရော၊၁း၂၅။

## III. ဘုရားဆိုင်ရာသမ္မာတရားသည် အကြွင်းမဲ့ဖြစ်သည်၊ ကျွန်ုပ်တို့သည် သမ္မာတရားအတွက် အကြွင်းမဲ့ဖြစ်ကာ၊ ဘုရားဆိုင်ရာ သမ္မာတရား၏ အကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားရမည်ဖြစ်သည် - ၂ယော၊၃-၄၊ ၈။

A. သမ္မာတရားအဖို့ အကြွင်းမဲ့ဖြစ်ခြင်းမှာ ခံစားချက်များကို ဘေးဖယ်ထားခြင်း၊ ပုဂ္ဂိုလ်ရေး ဆက်နွယ်မှုများကို ငြင်းပယ်ခြင်းနှင့် အတ္တအတွက် မရပ်တည်ခြင်းကို ဆိုလိုသည် - မ၊၁၆း၂၄-၂၅။ ၁ပေ၊၁း၂၂။

1. သမ္မာတရားသည် တုနှိုင်းရာမဲ့စံနှုန်းဖြစ်သည်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဆန့်ကျင်ရန် သမ္မာတရားဘက်တွင် ရပ်တည်ရမည်ဖြစ်သည်။ သမ္မာတရား၏ အကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားခြင်းမှာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်မှ လွတ်မြောက်လာသောအခါမှသာ ဖြစ်နိုင်ချေရှိသည် - ယော၊၈း၃၂။ ၂ယော၊၂။ ၃ယော၊၃-၄။
2. သမ္မာတရားသည် ကျွန်ုပ်တို့အတွက် အကြွင်းမဲ့ဖြစ်သော တစ်စုံတစ်ရာမဟုတ်ပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင် ကို မသိနိုင်ပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့မသိနိုင်ပါ - ၂သက်၊၂း၁၀။ ၁ယော၊၅း၂၀။
3. ကျွန်ုပ်တို့သည် သမ္မာတရားအတွက် အကြွင်းမဲ့မဖြစ်လျှင် မိမိကိုယ်ကိုအတွက် သို့မဟုတ် မိမိတို့ကိုယ်ပိုင် အလိုဆန္ဒများအတွက် ဘုရားသခင်၏ သမ္မာတရားကို စွန့်ကြလိမ့်မည်ဖြစ်သည် - သု၊၂၃း၂၃။
4. ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကို ရိုသေရမည်၊ သမ္မာတရား၏ လမ်းကို ယူဆောင်ရမည်၊ မည်သည့် နည်းနှင့်မျှ သမ္မာတရားကို အပေးအယူလုပ်ခြင်း မရှိရပေ - ၂ပေ၊၂း၂။

B. ကျွန်ုပ်တို့သည် အပြင်ပိုင်းကျသော သမ္မာတရားများနှင့် အတွင်းပိုင်းကျသော သမ္မာတရားများနှစ်ခုလုံးအတွက် အကြွင်း မဲ့ဖြစ်ရမည် - ယော၊၈း၃၂။ ၁၄း၆။

1. သမ္မာကျမ်းစာရှိ သမ္မာတရားများသည် အပြင်ပိုင်းကျသောသွင်ပြင်နှင့် အတွင်းကျကျဖြစ်သောသွင်ပြင်နှစ်ခုလုံးရှိ သည်။ အပြင်ပိုင်းသွင်ပြင်သည် အတွင်းပိုင်းသွင်ပြင်အတွက် ဖြစ်သည် - ရော၊၈း၃၄၊ ၁၀။ ကော၊၃း၁။ ၁း၂၇။
2. အပြင်ပိုင်း ဩဝါဒများသည် အတွင်းပိုင်း သမ္မာတရားများအတွက်ဖြစ်ကာ၊ အတွင်းပိုင်း သမ္မာတရားများသည် အသင်းတော်ကို ထုတ်လုပ်ခြင်းအတွက် ဖြစ်သည် - ၂ယော၊၁-၂၊ ၄။ ၃ယော၊၃-၄၊ ၇-၉က။
3. သခင်ဘုရားသည် သန့်ရှင်းသော သမ္မာကျမ်းစာရှိ အတွင်းပိုင်းကျသော သမ္မာတရားများ - အထူးသဖြင့် သုံးပါး တစ်ပါးဘုရားနှင့် အသင်းတော်နှင့်စပ်လျဉ်းသည့် သမ္မာတရား၏ အတွင်းပိုင်းကျသောသွင်ပြင်ကို ပြန်လည်ရယူရန် အလိုတော်ရှိသည် - ယော၊၁း၁၄။ ၁၄း၁၆-၂၀။ ၁တိ၊၆း၁၅-၁၆။ ၂တိ၊၄း၂၂။ ၃း၁၅-၁၆။
4. များစွာသော အရေးကြီးသည့် အတွင်းပိုင်းကျသော သမ္မာတရားများသည် မြှုပ်နှံခံခဲ့ရသည်၊ သို့သော် သခင်ဘုရား ၏ပြန်လည်ရယူခြင်း၌ ဤသမ္မာတရားများသည် ပြန်လည်ရယူခြင်းခံရရန် ရှင်ပြန်ထမြောက်ကာ၊ ရှင်ပြန်ထ မြောက်သော သမ္မာတရားများဖြစ်လာပြီဖြစ်သည် - ယော၊၁၇း၁၇။ ၁၈း၃၇ခ။

**IV. ကျွန်ုပ်တို့သည် "ဤလောက၏ခေတ်ကာလ"၌ သမ္မာတရားကို သက်သေခံသောအခါ ကျွန်ုပ်တို့သည် အောင်မြင်သော ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ စာတန်၊ မာရ်နတ်၊ မုသားများ၏အဖ၊ "ဤလောကကို အစိုးရသူ"၊ "မယုံကြည်သူများ၏ စဉ်းစားမှုများကို ကွယ်စေသောသူ"ဖြစ်သည့် "ဤခေတ်၏ဘုရား" ကို ဆန့်ကျင်တိုက်ခိုက်ကြသည် - ဧ၂း၂။ ယော၊ ၈း၄၄။ ၁၂း၃၁။ ၂ကော၊၄း၄။**

A. မာရ်နတ်၏သဘောသဘာဝမှာ လိမ်ညာခြင်းဖြစ်ပြီး၊ သေခြင်းနှင့် မှောင်မိုက်ကို ယူဆောင်လာသည်။ မှောင်မိုက်နှင့် အတူ မုသားရှိနေပြီး၊ ၎င်းမှာ သမ္မာတရား၏ ဆန့်ကျင်ဘက်ဖြစ်သည် - ယော၊၈း၄၄။

1. မာရ်နတ်သည် "သမ္မာတရား မရှိသောကြောင့် သမ္မာတရား၌ မတည် မနေ" - အငယ်၊၄၄။
2. စာတန်ဆိုင်ရာ မှောင်မိုက်ဖြစ်ခြင်းသည် ဘုရားဆိုင်ရာအလင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ စာတန်ဆိုင်ရာ လိမ်ညာမှုသည် ဘုရားဆိုင်ရာ သမ္မာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ၁ယော၊၁း၆။
3. ဘုရားဆိုင်ရာသမ္မာတရားသည် ဘုရားဆိုင်ရာအလင်း၏ ထင်ရှားခြင်းဖြစ်သကဲ့သို့ စာတန်ဆိုင်ရာ လိမ်ညာမှုသည် စာတန်ဆိုင်ရာ မှောင်မိုက်၏ ထင်ရှားခြင်းဖြစ်သည် - ယော၊၈း၁၂၊ ၄၄။

B. "ဤခေတ်၏ဘုရား"သည် လှည့်စားသူ၊ ဤမျက်မှောက်ခေတ်၏အစိုးရသူ စာတန်ဖြစ်သည်။ သူသည် ယနေ့၏ လောက ကို အစိုးရကာ၊ မယုံကြည်သူများ၏ စဉ်းစားခြင်းများ၊ အသိဉာဏ်များကို ကွယ်စေခြင်းအားဖြင့် လူ၏ ကိုးကွယ်မှုကို ရရှိရန် ကြိုးစားရှာဖွေနေသည် - ၂ကော၊၄း၄။

1. ၂ကောရိန္သု ၄း၄ ရှိ *ကွယ်စေခြင်း* ဟူသည်မှာ လူတစ်ဦး၏ နားလည်သဘောပေါက်ခြင်းကို ဖုံးကွယ်ခြင်းအား ဆိုလိုသည်။
2. ဤကျမ်းပိုဒ်ရှိ *စဉ်းစားခြင်းများ* မှာ အသိဉာဏ်၏ နားလည်သဘောပေါက်ခြင်းကို ရည်ညွှန်းသည်။

C. "လောကီသားအပေါင်းတို့သည် ဆိုးညစ်သောသူ၏ လက်၌ ရှိကြသည်" - ၁ယော၊၅း၁၉ခ။

1. စာတန်ဆိုင်ရာ လောကစနစ်တစ်ခုလုံးနှင့် လောကရှိ လူများ၊ ကျဆင်းသော လူသားမျိုးနွယ်တစ်ခုလုံးသည် ဆိုးညစ် သူ စာတန်၏ မတရားသိမ်းပိုက်ခြင်းနှင့် ကြိုးကိုင်ခြယ်လှယ်ခြင်း လက်အောက်၌ မတုန်မလှုပ် တည် ရှိနေကြသည်။
2. ဂရိစကားလုံးတွင် *ဆိုးညစ်သူ* သည် ဖျက်လိုဖျက်ဆီးလုပ်သော၊ အန္တရာယ်ပြုသည်အထိ ဆိုးညစ်သူ၊ အခြားသူများ ကို ဆိုးညစ်ခြင်းရှိရန် ဩဇာလွှမ်းမိုးသောသူကို ရည်ညွှန်းသည်။ ဤဆိုးညစ်သောသူသည် မာရ်နတ် စာတန်ဖြစ်ပြီး၊ လောကတစ်ခုလုံးသည် သူ၌ တည်ရှိနေသည် - အငယ်၊၁၉ခ။
3. ဤဆိုးညစ်သောစနစ်၊ မှောင်မိုက်နိုင်ငံသည် ၎င်း၏အစိုးရသူစာတန်အား သခင်ဘုရားက အသွေးအသား၌ကားတိုင် တင်ခံရခြင်းအားဖြင့် နှင်ထုတ်လိုက်သောအခါ တရားစီရင်ခံခဲ့ပြီဖြစ်သည် - ယော၊၁၂း၃၁။ ၁၄း၃၀။ ၁၆း၁၁။

D. ဖေက် ၂း၂ ရှိ *ဤလောက* သည် စာတန်ဆိုင်ရာ နည်းစနစ်ကို ရည်ညွှန်း၍၊ များစွာသော ခေတ်ကာလများဖြင့် ပေါင်းစပ် ထားခြင်း ဖြစ်သည်။

1. ခေတ်ကာလသည် စာတန်ဆိုင်ရာ နည်းစနစ်ဖြစ်သည့် လောက၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။
2. ဖေက် ၂း၂ ရှိ *ခေတ်ကာလ* သည် မျက်မှောက်နှင့် ခေတ်ပေါ်ထင်ရှားခြင်းဖြစ်သော စာတန်၏ နည်းစနစ်ကို ရည်ညွှန်း သည်။ ၎င်းကို လူတို့အား မတရားသိမ်းပိုက်၍ လွှမ်းမိုးကာ၊ ဘုရားသခင်နှင့် ကိုယ်တော်၏အကြံအစည်တော်မှ အဝေးသို့ ဖယ်ထားရန် အသုံးချခဲ့သည်။
3. ဂလာတိ ၁း၄ ရှိ *ဆိုးညစ်သော မျက်မှောက်ခေတ်* မှာ ဘာသာတရားလောက၊ လောက၏ ဘာသာရေးဆိုင်ရာ လမ်း ကြောင်းကို ရည်ညွှန်းသည်။

E. ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်၌ သမ္မာတရားကို သက်သေခံလိုလျှင် ရောမ ၁၂း၂ ရှိ ပေါလု၏ မိန့်မှာချက်ကို ကျွန်ုပ်တို့ နာခံရမည်ဖြစ်သည်။ "သင်တို့သည် ဤခေတ်ကာလ၏ ပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ အသိဉာဏ် အသစ်ပြုပြင်ခြင်း အားဖြင့် ပုံသဏ္ဌာန် ပြောင်းလဲခြင်း ရှိကြလော့။"

   1. ပုံသဏ္ဍာန်ဆောင်ခြင်း၊ သဏ္ဍာန်တူညီခြင်းမှာ ကျွန်ုပ်တို့အတွင်းမှ ထွက်ပေါ်လာခြင်းမဟုတ်သော၊ အသစ်မွေးဖွားခံရသော ဘုရားသားအဖြစ် ကျွန်ုပ်တို့ဖြစ်ခြင်းကို ကိုယ်စားပြုခြင်းမဟုတ်သော အပြင်ပိုင်းထင်ရှားခြင်းကို အသွင်ယူလက်ခံခြင်းဖြစ်သည် - ယော၊၁း၁၂-၁၃။
   2. ကျွန်ုပ်တို့သည် လောကမှ ဘုရားသခင်ထံသို့ ခွဲခြားခံခဲ့ရပြီးသောသူများအနေဖြင့် ဤခေတ်ကဲ့သို့ တူညီသောပုံသဏ္ဍာန်ဆောင်ခြင်းရှိသည့်အထိ လောကနှင့် တစ်သားတည်းဖြစ်သွားခြင်း မရှိသင့်ပေ။
   3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်၌ အသစ်ပြုပြင်ခံပြီး၊ ရောနှောပေါင်းစည်းထားသော ဝိညာဉ်ကို ကျွန်ုပ်တို့၏ အသိဉာဏ်သို့ ပျံ့နှံ့စေရန် အခွင့်ပေးကာ၊ ထိုသို့ဖြင့် အသိဉာဏ်၏ ဝိညာဉ်ဖြစ်လာကာ၊ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒတို့ကို ကျွန်ုပ်တို့အတွင်းဖြစ်ခြင်းအထဲသို့ ယူဆောင်ခံရသည့် အသစ်သောဒြပ်သဘာဝအားဖြင့် အသစ်ပြုပြင်ခြင်း ရှိစေရန် လိုအပ်သည် - ဧ၊၄း၂၃။ ၁ကော၊၆း၁၇။ ရော၊ ၁၂း၂။

F. "ထို့ကြောင့် သမ္မာတရားနှင့် သင်တို့၏ ခါးပန်းကို စည်း၍"။ သမ္မာတရားဖြင့် ခါးပန်းကို စည်းခြင်းမှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ခွန်အားသန်စွမ်းစေရန် ဖြစ်သည် - ဧ၊၆း၁၄က။

G. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရားကို သက်သေခံနိုင်ကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် မှန်သောအရှင်၌ ရှိခြင်းအားဖြင့် သမ္မာတရားကို သိကြသောကြောင့် ဖြစ်သည် - ၁ယော၊၅း၂၀။
   1. ဘုရားသခင်၏ သားတော် သခင်ယေရှုသည် ကြွလာခဲ့ပြီး၊ စစ်မှန်၍ မှန်ကန်သော ဘုရားသခင်ကို သိကြမည့် အကြောင်း ကျွန်ုပ်တို့ကို နားလည်နိုင်သောဉာဏ် ပေးထားခဲ့ပြီဖြစ်သည် - ယော၊၁း၁၄၊ ၁၈။ ၁ယော၊၅း၂၀။
   2. ယောဟန်ပထမစာစောင် ၅း၂၀ တွင် "မှန်သောဘုရားသခင်"၊ မှန်သောအရှင်၊ မှန်ကန်တော်မူခြင်းကို နှစ်ကြိမ်တိုင် ပြောဆိုထားသည်။
      a. *မှန်သောအရှင်* ဟူသောဝေါဟာရမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အဖို့ အတွင်းကျကျဖြစ်လာပြီး၊ အပြင်ပိုင်းကျသော ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်နှင့် အတွေ့အကြုံ၌ မှန်သောအရှင်ဖြစ်လာခဲ့ကြောင်း ရည်ညွှန်းသည်။
      b. မှန်သောအရှင်သည် ဘုရားဆိုင်ရာ စစ်မှန်ခြင်းဖြစ်သည်။ မှန်သောအရှင်ကို သိခြင်းမှာ ဤစစ်မှန်ခြင်းကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပိုင်ဆိုင်ခြင်းအားဖြင့် ဘုရားဆိုင်ရာစစ်မှန်ခြင်းကို သိခြင်း အားဆိုလိုသည်။
      c. အငယ် ၂၀ တွင် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်တော်မူသော ဘုရားဆိုင်ရာ စစ်မှန်ခြင်းသည် ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကျွန်ုပ်တို့၏စစ်မှန်ခြင်းဖြစ်လာခဲ့ကြောင်း ညွှန်ပြထားသည်။ ကျွန်ုပ်တို့ထံ အပြင်ပိုင်းကျကျ ရှိခဲ့ဖူးသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ အတွင်းကျကျဖြစ်သော စစ်မှန်ခြင်း ဖြစ်လာခဲ့ပြီဖြစ်သည် -အငယ်၊၆။

H. ကျွန်ုပ်တို့သည် မှန်သောအရှင်နှင့် သမ္မာတရား၏ ဝိညာဉ်တော်ကို သိပြီး (အငယ်၊၂၀။ ၄း၆)၊ သမ္မာတရားဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်၍၊ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့ကို ဘုရား-လူများ၊ ပထမဆုံးသောဘုရား-လူဖြစ်သည့် ခရစ်တော်၏ ပုံတူမူပွားများဖြစ်စေရန် ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်နေသောကြောင့်၊ ကျွန်ုပ်တို့သည် သခင်ဘုရားကိုယ်တော်တိုင် ပြုခဲ့သည့်နည်းတူ သမ္မာတရားကို သက်သေခံနိုင်ကြသည်၊ ကိုယ်တော်က "သမ္မာတရားကို သက်သေခံခြင်းငှာ ငါသည် မွေးဖွားခြင်းကို ခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့် စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်ကြသည်"ဟု ပြောခဲ့သည် (ယော၊၁၈း၃၇ခ)။

*© 2021 Living Stream Ministry*